ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/ NM/ ၀၂၁/ ၂၀၂၁
ရက်စွဲ၊၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်း**

ရည်ညွှန်းချက်။ ရေတပ်ပင်မတိုင်းတာရေးတပ်၏ (၃ - ၁၁ -၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ၃၂/၂၁-ခ /ရပတ/ဦး ၁

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၁၉ - ၁၀ - ၂၀၂၁) ရက်နေ့တွင် ခန့်မှန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၄ ဒီဂရီ ၀၈ မိနစ် ( သမီးလှကျွန်း အနောက်မြောက်ဘက် ၈ မိုင်အကွာ) တွင် လေးထောင့်ပုံသဏ္ဍာန်ရှိ Barge တွဲဟု ယူဆရသော အမည်မသိအရာဝတ္ထုမှာ ရေတက်ရေကျ ရေစီးကြောင်းအတိုင်း မျောပါလျက်ရှိကြောင်း ရေကြောင်းသတိပေးချက်အား ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ (၁၉ - ၁၀ - ၂၀၂၁) ရက်စွဲပါစာအမှတ်၊ SSE/ NM/ ၁၉/ ၂၀၂၁ ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

၂။ ၎င်းမျောပါလျှက်ရှိသော အရာဝတ္ထုအား (၃၁-၁၀-၂၀၂၁) ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ် ၂၄.၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၄ ဒီဂရီ ၀၈ မိနစ် ၁၅.၈၇ စက္ကန့် တည်နေရာ၌ ရေကြောင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် နှစ်မြှုပ်ခဲ့ပြီး Admiralty Chart No. 818, 823, 830 နှင့် 4706 တို့တွင် Ship Wreck သင်္ကေတဖြင့် ဖော်ပြရန် ဆောင်ရွက်လျှက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ရေယာဉ်မှူးများအနေဖြင့် အထက်ဖော်ပြပါ 15° 53' 24".46 N, 094° 08' 15".87 E အနီးတွင် ခုတ်မောင်းသွားလာပါက ၎င်းသင်္ဘောပျက်အား ရှောင်ရှား၍ ခုတ်မောင်း

သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေငြာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)